ပါစကား တတိယတနင်္ဂနွေနေ့ ဧပြီလ ၁၄ ရက် ၂၀၂၄

ပထမကျမ်း–တမန်တော်ဝတ္ထု ၃း ၁၃–၁၅၊ ၁၇–၁၉ = သံပေတရုက ဂျေရုဇလင်မြို့မှာရှိတဲ့ဂျူးအဖွဲ့အစည်းတွေကို ဟောပြောခဲ့တဲ့အကြောင်း၊ အဲဒီဟောပြောချက်ထဲမှာ ကယ်တင်ရှင်မက်ဆီးယားနဲ့ပတ်သက်ပြီး ကြိုတင်ဟောထားချက်တွေဟာ ခရစ်တော်ရဲ့သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းမှာ ပြည့်စုံပြီး၊ ပြစ်ကနေနောင်တရပြီး သူတို့ရဲ့အပြစ်အခွင့်ချမ်းသာရဖို့အတွက် ဘုရားဆီကိုပြန်လှည့်လာဖို့ ဂျူးလူမျိုးတွေကို စိန်ခေါ်ခဲ့ပါတယ်။

ဒုတိယကျမ်းဖြစ်တဲ့ ၁ ယောဟန် ၂း၁–၅ = သူ့ရဲ့အချိန်အခါမှာ မှားယွင်းတဲ့အယူဝါဒတွေကြောင့် စိတ်ဇဝေဇဝါဖြစ်ခဲ့တဲ့လူတွေကို ခရစ်တော်ရဲ့သေခြင်းဟာ တကယ်ဘဲ ကျွန်ုပ်တို့လူသားတွေရဲ့အပြစ်အတွက် ပြန်လည်ကျေအေးရာ ပူဇော်သက္ကာယဖြစ်တယ်ဆိုတာကို ပြန်လည်ဖြေကြားပေးခဲ့တဲ့အကြောင်း တွေ့ရပါတယ်။

လုကာ ၂၄း၃၅–၄၈ မှာကျတော့–အခန်းထဲမှာ တမန်တော်ကြီးတွေရှိနေတုံး၊ ရှင်ပြန်ထမြောက်တော်မူခဲ့ပြီးနောက် ညနေမှာ သခင်ဘုရားဟာ မိမိကိုယ်ကို ထင်ရှားပြတော်မူခဲ့တဲ့အကြောင်း၊ သခင်ဘုရားဟာ ကိုယ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းနဲ့ပတ်သက်ပြီး မိမိရဲ့တပည့်တော်ကြီးတွေရဲ့ စိတ်မငြိမ်သက်မှု၊ စိတ်ဇဝေဇဝါဖြစ်ခြင်းတွေကို ဖယ်ရှားပေးခဲ့ပြီး မိမိရဲ့ခန္ဓာကိုယ်ကို ထိတွေ့ဖို့အတွက် ဖိတ်ခေါ်ခဲ့ကြောင်း၊ ဖုတ်ထားတဲ့ငါးကိုသူတို့ရှေ့မှာစားခဲ့တဲ့အကြောင်း၊ ပရောဖက်များရဲ့ဟောထားချက်ဟာ ကိုယ်တော်၌ပြီးပြည့်စုံသွားတဲ့အကြောင်း၊ ကိုယ်တော်ကိုသက်သေခံဖို့နဲ့ ဝိညာဉ်တော်ကိုခံယူပြီးနောက် ကိုယ်တော်ရဲ့နာမတော်၌ နောင်တယူပြီးအပြစ်အခွင့်လွတ်ခြင်းကိုရရှိစေတယ် ဆိုတဲ့အကြောင်းကို ဟောပြောဖို့ အလုပ်တာဝန်ပေးခဲ့တာကို ကြားနာခဲ့ရပါတယ်။

၁–တမန်တော်ကြီးများ တွေ့ကြုံခဲ့ရတဲ့ ခန်းမကြီးထဲကသခင်ဘုရားရဲ့ ဆုံးမသွန်သွန်ခြင်းအတွေ့အကြုံကို ကျွန်ုပ်တို့လည်း တွေ့ကြုံကြရမှာဖြစ်ပါတယ်။

ဘယ်လိုဟောပြောသွန်သင်ရမလဲ။ ဘယ်လိုသက်သေခံရမလဲ–ဆိုပြီး တပည့်တော်ကြီးများကို ဆုံးမသွန်သင်ခဲ့တဲ့သခင်ဘုရားဟာ အခုလည်း ကျွန်ုပ်တို့နဲ့အတူတူ မဿားတရားတော်မှာ ရှိနေပါတယ်။ ကိုယ်တော်ရဲ့ နှုတ်ကပတ်တရားတော်၌မွေ့လျော်ဘို့၊ ဝေငှဘို့၊ ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါတယ်။ မဿားတရားတော်ရဲ့ပထမပိုင်းမှာ သခင်ဘုရားဟာ သူ့ရဲ့နှုတ်ကပတ်တရားတော်အားဖြင့် ကျွန်ုပ်တို့ကို စကားပြောပါတယ်။ မဿားတရားတော်ရဲ့ဒုတိယအပိုင်းမှာ သခင်ဘုရားဟာ ကျွန်ပ်တို့ရဲ့ ဝိညာဉ်ရေးအတွက် စားသောက်စရာ ဖြစ်လာခဲ့ပါတယ်။ ဒီကနေ့ဧဝံဂေလိကျမ်းမှာ ကြားနာခဲ့ရတဲ့ဖြစ်စဉ်ဟာ တနင်္ဂနွေ မဿားတရားတိုင်း၊ (ရဟန်းရှိတဲ့နေရာတိုင်းမှာ နေ့စဉ်နေ့တိုင်း ပလ္လင်တော်ပေါ်မှာ ပြန်လည်ပြီးတော့ အမြဲဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။ ပထမဦးဆုံးသော တပည့်တော်များကဲ့သို့ ကျွန်ုပ်တို့တွေဟာ အပြစ်အတွက်နောင်တရခြင်း၊ ခံစားခဲ့ရသောကျေးဇူးတော်များအတွက် ကျေးဇူးဆပ်တင်ခြင်း၊ နှုတ်ကပတ်တရားတော်ကို နာယူခြင်း၊ မုန့်စပျစ်ရည်နဲ့အတူတကွ ကျွန်ုပ်တို့ရဲ့ကိုယ်စိတ်နှလုံး တဦးတယောက်လုံးကို ဘုရားသခင်အား ဆက်ကပ်အပ်နှံပူဇော်ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့ကို သခင်ဘုရားပေးအပ်လိုက်တဲ့ ဝိညာဉ်အတွက်အစာအဟာရကို အတူတကွစားသုံးကြတယ်။ ကမ္ဘာလောကဆီသို့ ကိုယ်တော်ရဲ့သတင်းတရားတော်ကို ကြေညာဟောပြောဘို့အတွက် ကျွန်ုပ်တို့တွေဟာ စေလွှတ်ခြင်းခံရပါတယ်။

၂–သခင်ဘုရားဟာ မိမိရဲ့သာသနာလုပ်ငန်းတော်နဲ့ ကိုယ်တော်ကိုသက်သေခံဘို့အတွက် ကျွန်ုပ်တို့ကို အလိုရှိပါတယ်။ ကိုယ်တော်ကို သက်သေခံတယ်ဆိုတာ–ကိုယ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းရဲ့တန်ခိုးတော်အားဖြင့် ထိတွေ့ခြင်းခံရပြီး ပြောင်းလဲသွားတဲ့ကျွန်ုပ်တို့ရဲ့ဘဝအသက်တာနဲ့ သိသာထင်ရှားစွာနဲ့ သန့်ရှင်းသော မြတ်နိုးစရာကောင်းသော ကျွန်ုပ်တို့ရဲ့အသက်တာ၌ ကိုယ်တော်ကို သက်သေခံခြင်း ဖြစ်ပါတယ်။ ကိုယ်တော်ကိုသက်သေခံခြင်းရဲ့ နောက်အဓိပ္ပယ်တခုက ကျွန်ုပ်တို့အားဖြင့် သူတပါးဆီသို့ ကိုယ်တော်ကို စကားပြောခိုင်းခြင်းဖြစ်ပါတယ်။

ဝိညာဉ်တော်နဲ့ပြည့်ဝတဲ့လူတွေကို ကိုယ်တော်ရဲ့မျက်စိ၊ ကိုယ်တော်ရဲ့နား၊ ကိုယ်တော်ရဲ့လက်၊ ကိုယ်တော်ရဲ့ခြေဖြစ်ဘို့ ကိုယ်တော်အလိုရှိပါတယ်။ ထိုသို့အားဖြင့် ကိုယ်တော်ရဲ့ချစ်ခြင်း၊ ကိုယ်တော်ရဲ့သနားခြင်းဂရုဏာ၊ ကိုယ်တော်ရဲ့အပြစ်အခွင့်လွှတ်ခြင်းတို့ကို ကျွန်ုပ်တို့ရဲ့ ညီအစ်ကိုမောင်နှမတို့အား အစေခံခြင်းအားဖြင့် သက်သေခံခြင်းဖြစ်ပါတယ်။ မိမိကိုယ်ကို လုံးလုံးလျားလျား ဆက်ကပ်အပ်နှံတဲ့ ရဟန်းတော်များ၊ ဦးပဇင်းကြီးများ၊ သီလရှင်များ၊ မိဘများ၊ ဆရာ–ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ–အားလုံးအားလုံးတို့ကို သာသနာတော်ကြီးက အလိုရှိပါတယ်။ သက်သေခံခြင်းရဲ့အနှစ်သာရက ကျွန်ုပ်တို့ရဲ့အသက်တာဟာ ရှင်ပြန်ထမြောက်တော်မူခဲ့ပြီးသော သခင်ဘုရားနဲ့ ထိတွေ့ပြီး ထိုသခင်အားဖြင့်ကျွန်ုပ်တို့ဟာ ပြောင်းလဲသွားပြီးဆိုတာကို ပေါ်လွင်ထင်ရှားစေခြင်းဖြစ်ပါတယ်။ ဆိုလိုတာက–သခင်ဘုရားဟာ ကျွန်ုပ်တို့အားဖြင့် စကားပြောနိုင်ရမယ်။

၃–ကျွန်ုပ်တို့ရဲ့နေ့စဉ်ဘဝအသက်တာဟာ ရှင်ပြန်ထမြောက်တော်မူသောသခင်ကို သူတပါးတို့အားမြင်တွေ့စေခြင်းအတွက်၊ ဝေငှခြင်းအတွက် အကြောင်းဖြစ်ရမှာ ဖြစ်ပါတယ်။ တမန်တော်ကြီးများဟာ ရှင်ပြန်ထမြောက်တော်မူပြီးသောသခင်ကို သူတို့ရဲ့အသိုင်းအဝိုင်း အဖွဲ့အစည်းထဲမှာ မြင်တွေ့ခဲ့ရသလို၊ ကျွန်ုပ်တို့ရဲ့အိမ်မှာ၊ အလုပ်လုပ်ရတဲ့နေရာဒေသတွေမှာ၊ တွေ့ဆုံ သိမြင် ခံစားနိုင်ဘို့ ဆည်းပူးရမှာ ဖြစ်ပါတယ်။ ဒီနေရာတွေမှာ ကျွန်ုပ်တို့ရဲ့ ငြိမ်းချမ်းသာယာခြင်းနဲ့ ပျော်ရွှင်ခြင်း ပို့ဆောင်ဖြန့်ဝေဘို့အတွက် အခွင့်အရေးကို ဖြစ်ပေါ်စေတဲ့နေရာတွေဘဲ ဖြစ်ပါတယ်။

၄–ခရစ်တော်နဲ့အတူတကွ ကျွန်ုပ်တို့တွေဟာ ဒီလောကကမ္ဘာမှာ ဘုရားရဲ့နိုင်ငံတော်ကို တည်ထောင်ဘို့အတွက် ကိုယ်စားလှယ် (အေးဂျင့်များ) ဖြစ်ကြရမှာ ဖြစ်ပါတယ်။ သခင်ဘုရားကို ဆင်းရဲသူ ဆင်းရဲသားများ၊ အပယ်ခံရတဲ့သူများ၊ ဖျားနာတဲ့သူများ၊ ကုစားခြင်းကိုလိုလားတဲ့လူတွေရဲ့လူတွေရဲ့ဘဝထဲမှာ သခင်ဘုရားကို မြင်တွေ့နိုင်တဲ့အဖွဲ့အစည်း ကျွန်ုပ်တို့တွေ ဖြစ်ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းခြင်းကိုတည်ဆောက်တဲ့ အသင်းအဖွဲ့ ကွဲပြားခြင်းနဲ့ တင်းမာမှုများကို ဖြိုဖျက်တဲ့အဖွဲ့အစည်း ကျွန်ုပ်တို့တွေ ဖြစ်ကြရမှာ ဖြစ်ပါတယ်။

ခရစ်တော်ရဲ့ ဒုက္ခစရိယာခံထမ်းခြင်း၊ သေခြင်းနဲ့ ရှင်ပြန်ထမြောက်ခြင်းတို့ရဲ့ရည်ရွယ်ချက်ဟာ ကျွန်ုပ်တို့ကိုအပြစ်မှ သခင်ဘုရားက ကယ်တင်ဘို့ဖြစ်တယ် ဆိုတဲ့အချက်ဘဲဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့အသက်တာကို ရှင်ပြန်ထမြောက်ပြီးသော ဘုရားရဲ့ ရှေ့မျက်မှောက်တော်မှာ အမြဲထားရှိနိုင်ပြီး– ကျွန်ုပ်တို့အထဲမှာရော သူတပါးတွေရဲ့အသက်တာမှာပါ ဝိညာဉ်တော်ဘုရား ရှိနေတယ်ဆိုတာကို သတိမူတတ်ဘို့ ခွန်အားသတ္တိကိုပေးတော်မူပါ။ ဒီလိုသိမြင်လာခြင်းဟာ ကိုယ်တော်ရဲ့ထားရှိခဲ့တဲ့ဂတိတော်၌ကျွန်ုပ်တို့ကိုမျှော်လင့်ခြင်းကို ပို၍ခိုင်မာစေပြီးယ ကျွန်ုပ်တို့ရဲ့အပြစ်များအတွက် စစ်မှန်တဲ့နောင်တကို ရရှိစေပြီး၊ ကျွန်ုပ်တို့ရဲ့အသက်တာကို အမြဲအသစ်ဖြစ်စေဘို့၊ ဂရုဏာရေးလုပ်ငန်းများအားဖြင့် ကိုယ်တော်ကို သက်သေခံနိုင်ဘို့အတွက် ကျွန်ုပ်တို့ကိုဦးဆောင်သွားဘို့၊ ကျွန်ုပ်တို့ကိုဆက်လက်၍ခွန်အားပေးတော်မူပါ–ဆိုပြီး ဆုတောင်းကြပါစို့။